# What do I need to know if my child is expelled?

## Parent/carer information

# ကျွန်ုပ်၏ ကလေး ကျောင်းထုတ်ခံရပါက သိရှိထားရမည့် အချက်များ

## မိဘ/အုပ်ထိန်းသူများ၏ အချက်အလက်များ

### ကျောင်းထုတ်ခြင်း ဆိုသည်မှာ အဘယ်နည်း။

ကျောင်းထုတ်ခြင်း ဆိုသည်မှာ ကျောင်းအုပ်နှင့် ဒါရိုက်တာ၊ ပညာရေး ဆိုင်ရာခေါင်းဆောင်မှ ကျောင်းသား တစ်ဦးအား ကျောင်းမှ ထွက်ခွာသွားရန်နှင့် ကျောင်းသို့ ပြန်မလာရဟု ပြောဆိုခြင်းဖြစ်သည်။ ကျောင်းထုတ်ခြင်းသည် ကြီးလေးသော ကိစ္စဖြစ်သည်။ ကျောင်းထုတ်ရန် ဆုံးဖြတ်ချက်မီ သင့်ကလေးကို အားပေးကူညီရန် အစွမ်းကုန် ကြိုးစားရမည် ဖြစ်သည်။

ကျောင်းအုပ်များသည် အကြောင်းနှစ်ရပ်ကြောင့် ကျောင်းသားများကို ကျောင်းထုတ်နိုင်သည်။

- ကျောင်းသားများသည် စိုးရိမ်စရာ အပြုအမူများကို ပြသကြပြီး ၎င်းတို့၏ အဆိုပါအပြုအမူကို စီမံခန့်ခွဲမှု မပြုလုပ်နိုင်ပါက။
- ကျောင်းသားများသည် အသက် ၁၇ နှစ်အထက်ဖြစ်ပြီး ပညာသင်ယူမှုတွင် ပါဝင်မှုမရှိခြင်း

ကျောင်းအုပ်များသည် ကျောင်းထုတ်ရန် ဆုံးဖြတ်ချက်မချမီ ကျောင်းမှ သင့်ကလေး၏ သင်ယူမှုကို မည်ကဲ့သို့ ပံ့ပိုးကူညီခဲ့သည်ကို စဉ်းစားပြီး ၎င်းတို့၏ လိုအပ်ချက်များနှင့် နောက်ခံသမိုင်းကြောင်းကိုပါ ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။

ကျောင်းထုတ်ခြင်း မပြုလုပ်မီ ကျောင်းအုပ်ကြီးက ၎င်းတို့သည် သင့်ကလေးကို ကျောင်းထုတ်ရန် စဉ်းစား နေကြောင်း အသိပေးရန် အတွက် သင့်ထံ ဆက်သွယ် အကြောင်း ကြားမည်ဖြစ်သည်။ ၎င်းတို့သည် ကျောင်းထုတ်ပယ်ရန် အလားအလာရှိသော စာဖြင့် သတိပေးစာတစ်စောင် ထုတ်ပြန်မည်ဖြစ်ပြီး သင့်ကလေးကို ကျောင်းထုတ်ပါက မည်သို့ဖြစ်မည်ကို အကြောင်းပြချက်ပေးရန်အတွက် အစည်းအဝေးတစ်ခုသို့ သင်နှင့် သင့်ကလေးကို ဖိတ်ကြားမည်ဖြစ်သည်။ အစည်းအဝေးသို့ ပံ့ပိုးကူညီသူ အား သင်နှင့်အတူ ခေါ်ဆောင်လာနိုင်သည်။ ပံ့ပိုးကူညီသူသည် သင်၊ သို့မဟုတ် သင့်ကလေးကို စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် လက်တွေ့ကျသော ပံ့ပိုးမှုပေးနိုင်သည်။

အစည်းအဝေးအပြီးတွင် သင့်ကလေးအား ကျောင်းထုတ်ခြင်း မပြုသင့်သည့် အကြောင်းအရင်းများကို ကျောင်းသို့ တုံ့ပြန်တင်ပြရန် ကျောင်းဖွင့်ရက် ၇ ရက် အချိန်ရမည်ဖြစ်သည်။ ကျောင်းအုပ်ကြီးသည် ဤတုံ့ပြန်တင်ပြမှုကို ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် တစိတ်တပိုင်း အသုံးပြုသွားမည် ဖြစ်သည်။

### ကျွန်ုပ်၏ ကလေး ကျောင်းထုတ် ခံရပါက ဘာဖြစ်မည်နည်း။

ကျောင်းအုပ်နှင့် ဒါရိုက်တာ၊ ပညာရေးဆိုင်ရာခေါင်းဆောင်တို့က ကျောင်းသားတစ်ဦးအား ကျောင်းထုတ်ခြင်း ပြုသင့်/မပြုသင့်ကို အတူတကွ ဆုံးဖြတ်မည်ဖြစ်သည်။ ကျောင်းသားတစ်ဦးကို ကျောင်းထုတ်ရန် ဆုံးဖြတ်ပြီး ၂၄ နာရီအတွင်း ကျောင်းအုပ်သည် ကျောင်းသားနှင့် ၎င်းတို့၏ မိဘများ (သို့မဟုတ်) အုပ်ထိန်းသူများကို ပြောပြပြီး NSW ပြည်နယ် ပညာရေးဌာနသို့ အကြောင်းကြားမည်ဖြစ်သည်။

အကယ်၍ သင့်ကလေးသည် အသက် ၁၇ နှစ်အောက်ဖြစ်ပြီး ၎င်းတို့၏ အပြုအမူကြောင့် ကျောင်းထုတ်ခြင်း ခံရပါက၊ ကျောင်းအုပ်သည် စာသင်ရက် ၁၅ ရက် အတွင်း ဆက်လက်သင်ယူရန် ကျောင်းအသစ် (သို့မဟုတ်) အခြားနေရာတစ်ခုကို ရှာဖွေပေးမည်။

သင့်ကလေးသည် အသက် ၁၇ နှစ် ကျော်ပါက သင်နှင့် သင့်ကလေးသည် ပညာဆက်လက်သင်ယူရန်ဖြစ်စေ၊ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ရန်ဖြစ်စေ ရွေးချယ်သင့်သည်။

### ကျောင်းထံမှ သင်ရရှိနိုင်သည့် အချက်အလက်များ

သင့်အနေဖြင့် ဖြစ်စဉ်နှင့် ဖြစ်ပျက်ရသည့် အကြောင်းအရင်းနှင့်ဆိုင်သော နောက်ထပ် အချက်အလက်များကို ကျောင်းထံမှ တောင်းခံနိုင်သည်။ ကျောင်းက ဆုံးဖြတ်ချက် မှန်သမျှအတွက် အကြောင်းပြချက်များ၊ ဖြစ်ပျက်လာမည့် အရေးယူမှုများနှင့် သင့်တွင် ပြဿနာရှိနေပါက လုပ်ဆောင်ရမည့် အချက်များကို သင့်အား ရှင်းပြမည် ဖြစ်သည်။

### ကျောင်းထုတ်ခြင်း အတွက် အယူခံဝင်နိုင်ပါသလား။

ကျောင်းအုပ် နှင့် ဒါရိုက်တာ၊ ပညာရေးခေါင်းဆောင်မှ တရား မ မျှတသည့် ဆုံးဖြတ်ချက်တစ်ခု သို့မဟုတ် မှန်ကန် သည့် လုပ်ထုံးလုပ်နည်းများ ကို မလိုက်နာဘူး ဟုသင်ယုံကြည် လျှင်၊ အယူခံ အရင်းအမြစ် ကို ကိုးကားပါ။

သင့်ကလေးအတွက် ထောက်ကူပေးခြင်း ဆိုင်ရာ အချက်အလက်များအပြင် ကျောင်းများနှင့် ဆက်သွယ်ရန် နည်းလမ်းများကို အကျဉ်းချုပ် ဖော်ပြထားသည့် ကျွန်ုပ်တို့၏ ကျောင်းအဖွဲ့အစည်းဆိုင်ရာ ပဋိညာဉ်စာချုပ် ကိုလည်း ရရှိနိုင်ပါသည်။

### တိုင်ကြားချက်ကို မည်သို့ပြုလုပ်ရမည်နည်း။

ကျောင်းထုတ်ခြင်း ကျောင်းလုပ်ဆောင်ချက်များကို စိုးရိမ်မကင်းဖြစ်နေပါက ကျေးဇူးပြု၍ တိုင်ကြားချက်ပြုလုပ်ခြင်းဆိုင်ရာ အချက်အလက် အတွက် ဝက်ဆိုဒ်တွင် ကိုးကားကြည့်ရှုပါ။

### တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု။

သင်သည်ကျောင်းကိုဆက်သွယ်ရန်ဆန္ဒရှိပြီး အင်္ဂလိပ်လို ပြောဆိုရန် အကူအညီလိုအပ်ပါကတယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 131 450 ကိုခေါ်ဆိုပါ၊ သင်ပြောဆိုရန်လိုအပ်သည့်ဘာသာစကားကိုပြောပြပြီး အော်ပရေတာအား ကျောင်းသို့ ဖုန်းဆက်ခိုင်းပါ။ အော်ပရေတာသည် သင့်စကားပြောဆိုမှုကို ကူညီပေးရန် လိုင်းပေါ်တွင် စကားပြန်တစ်ဦးကို ခေါ်ပေးမည်။ ဤဝန်ဆောင်မှုအတွက် သင့်အား အဖိုးအခ ကောက်ခံမည် မဟုတ်ပါ။